# ပြည်သူ့ ကိုယ်စားလှယ်များ၏ ခံစားခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၂ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့်ဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

၃၃။ ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေ ခံစားခွင့်ရှိသည့် ပြည်သူ့ကိုယ်စားလှယ်များသည်—

(က) သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ တာဝန်မှရပ်သိမ်းခြင်း သို့မဟုတ် ရပ်စဲခြင်းခံရလျှင် ဖြစ်စေ၊ နုတ်ထွက်လျှင်ဖြစ်စေ ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေများကို ခံစားခွင့်မရှိစေရ၊

(ခ) တာဝန်မှ ယာယီရပ်ဆိုင်းခြင်းခံရလျှင် ယင်းသို့ ရပ်ဆိုင်းထားသည့်ကာလအတွင်း ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေ၏ ငါးဆယ်ရာခိုင်နှုန်းကို ခံစားခွင့်ရှိသည်၊

(ဂ) တာဝန်မှ ယာယီရပ်ဆိုင်းခြင်းကိုပယ်ဖျက်၍ မူလတာဝန်ကို ပြန်လည်ပေးအပ်ခြင်းခံရလျှင် ယာယီရပ်ဆိုင်းထားသည့်ကာလအတွက် ထောက်ပံ့ကြေးသို့မဟုတ် ချီးမြှင့်ငွေ အပြည့်အဝကို ပြန်လည်ခံစားခွင့်ရှိသည်။

၃။ ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့်ဥပဒေပုဒ်မ ၃၆ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

၃၆။ နိုင်ငံတော်ကောင်စီက ယာယီဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် ပြည်သူ့ကိုယ်စားလှယ်များသည် ယင်းသို့ တာဝန်ထမ်းဆောင်ရသည့်ကာလအတွက် ခံစားခွင့်ရှိသောထောက်ပံ့ကြေးသို့မဟုတ် ချီးမြှင့်ငွေကို ခံစားခွင့်ရှိစေရမည်။